Public education
**Discover a world of opportunities**

1 တန်းနှင့် 2 တန်း

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အိမ်တွင် လေ့လာသင်ယူခြင်း

## စာရေးခြင်းနှင့် စာလုံးပေါင်းခြင်းတို့သည် အရေးကြီးပါသည်။

စကားပြောခြင်းနှင့်နားထောင်ခြင်းတို့သည် စာရေးခြင်း၊ စာလုံးပေါင်းခြင်းနှင့် စာဖတ်ခြင်းတို့ကို တည်ဆောက်ရန် အခြေခံအုတ်မြစ်များ ဖြစ်ကြသည်။ 1 တန်းနှင့် 2 တန်းတွင် သင့်ကလေးများသည် စကားလုံးများနှင့် စာလုံးပေါင်းများကို ပိုမို၍ယဉ်ပါးလာကြသည်။ သူတို့၏ ပင်ကိုယ်အားကိုးစိတ် တိုးပွားလာသည့်အလျောက် သူတို့သည် သူတို့၏ နေ့စဉ်လုပ်ဆောင်မှုများတွင် စာရေးခြင်းကို ပါဝင်၍စတင်လုပ်မည်။

### ကျွန်ုပ် ဘာလုပ်နိုင်သနည်း။

- စကားလုံးများနှင့် စာအုပ်များကို အတူတကွ စူးစမ်းပါ။ အတူတကွ ပုံမှန် စာဖတ်ပါ၊ ၄င်းပြင် သင့်ကလေးအား နေ့စဉ် သင့်အားဖတ်ပြရန် တိုက်တွန်းပါ။
- သင့်ကလေးအား သူတို့၏စာရေးခြင်းကို ပုံမှန်လေ့ကျင့်ရန် တိုက်တွန်းပါ။

**ရုပ်မြင်သံကြားကို ပိတ်ပါ။ စိတ်ကူးပြောင်းလွယ်သည့်အရာများ မရှိသည့်အခါ သင့်ကလေးအတွက် စဉ်းစားရန် ပို၍လွယ်ကူပါသည်။**

**အကယ်၍ သင့်ကလေးသည် အခြားဘာသာစကား သို့မဟုတ် အရပ်ပြောစကား တစ်ခုကိုပြောလျှင် သူတို့သည် အင်္ဂလိပ်ဘာသာစကား၏ အသံများကို ကြားရန် အချိန်လိုသည်။ ဤအသံအားလုံးကို ကြားရန် ပြောရန် သူတို့အတွက် နှစ်နှစ်အထိ သို့မဟုတ် ပိုမို၍ ကြာကောင်းကြာနိုင်ပါသည်။**

- အိမ်တွင်ရှိစဉ် စကားလုံးများကို ရှာပါ၊ ၄င်းပြင် သင အပြင်ထွက်သွားရောက်သည့်အခါ၊ သင် လမ်းလျှောက်စဉ်နှင့် သင ခရီးသွားနေစဉ် သင်္ကေတဆိုင်းဘုတ်များပေါ်နှင့် ဆိုင်များတွင် စကားလုံးများကို ရှာပါ။
- အိမ်တွင် အမှာသတင်းရေးသည့်သင်ပုန်းတစ်ခုကို လုပ်ထားပြီး သင့်ကလေးများသို့ အမှာစာသတင်းများ ရေးပါ။ သူတို့အား သင့်အတွက်နှင့် အခြား မိသားစုဝင်များအတွက် အမှာသတင်း ရေးထားရန် တိုက်တွန်းပါ။
- မျိုးမတူသော အမှာသတင်းများကို နေ့စဉ် အတူတကွ ရေးပါ၊ သင့်ကလေး၏ မှာထားမည့် နေ့လည်စာနှင့် အခြား မိသားစုဝင်များသို့ အမှာသတင်းများ ကဲ့သို့ဖြစ်ပါသည်။



Department of **Education**

**သင် ပိုမို၍ တွေ့လိမ့်မည်**
**အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ**
**education.wa.edu.au.**

© Department of Education, Western Australia, 2015

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အိမ်တွင် လေ့လာသင်ယူခြင်း

မသန်မစွမ်းဖြစ်မှု ရှိသည့်ကလေးတစ်ဦးသည် သမရိုးကျအားဖြင့် နီးနီးကပ်ကပ် လုပ်ပေးသည့် အပြန်အလှန်ဆက်ဆံမှုနှင့်နှီးဆွေးမှု တို့မှအကျိုးကျေးဇူးများကို ရပြီး နစ်သက်စွာခံယူကြပါသည်၊ သူတို့အား သူတို့ကြိုက်နှစ်သက်သည့် ပုံများအကြောင်း ကို ဖတ်ပြသည့်အခါ သို့မဟုတ် သံစုံတေးများကို ဆိုပြသောအခါ ဖြစ်သည်။ အကယ်၍ သင့်ကလေးတွင် မသန်မစွမ်းဖြစ်မှု တစ်ခုရှိလျှင် သူတို့၏ကျောင်းသည် သူတို့အား သူတို့၏အရည်အချင်းနှင့်လိုက်ဖက်သည့်အဆင့်ရှိ လှုပ်ရှားဆောင်ရွက်မှု များကို သူတို့လုပ်နေချိန်၌ ထောက်ကူပေးကြပါသည်။ သင်နှင့်သင့်ကလေးအား ထောက်ကူပေးမည့် သင့်တော်သော အထောက်အကူ ပစ္စည်း၊ ကိရိယာနှင့် အကြံဉာဏ်များ အကြောင်းကို သင့် ကလေး၏ ဆရာဆရာမနှင့် ပြောဆိုပါ။

- သင့်ကလေးများနှင့်အတူ ထိုင်၍ သူတို့အကြိုက်နှစ်သက်ဆုံး စကားလုံးများပါသည့် စာရင်းများကို လုပ်ပါ။ ဤစာရင်းများကို သူတို့နှင့်အတူ ပုံမှန် ဖတ်ပါ။ စာရင်းများကို ကလေးများအတွက် ၎င်းတို့ကို အလွယ်တကူမြင်ရန် လွယ်ကူသည့် နေရာတွင် ပြသထားပါ။
- သင့်ကလေးများအား စာလုံးပေါင်းရမည့် စကားလုံးများကို သူတို့အား မှန်ကန်သည့်အဖြေ မပေးမီ စာလုံးပေါင်းခိုင်းပါ။
- ကြော်ညာစာများကို ကောင်းကောင်း အသုံးချပါ။ သင့်ကလေးများကို မေးပါ-
  - သီးခြား အက္ခရာစာလုံးပါသည့် စကားလုံးများကို စက်ဝိုင်းကွင်းခိုင်းပါ၊ *m* စာလုံးကဲသို့နှင့် သီးခြားအသံပါသည့် *sh* စာလုံးကဲ့သို့ ဖြစ်သည်။
  - အက္ခစာလုံး နှစ်လုံးပါသည့် စကားလုံး အားလုံး၊ အက္ခရာစာလုံး သုံးလုံးပါသည့် စကားလုံးအားလုံး နှင့် အစဉ်အတိုင်းတိုးမြှင့်၍ တို့ကို မျဉ်းတားပေးပါ။
  - သီးခြား စကားလုံး တစ်ခုကို မည်မျှအကြိမ် သူတို့ရှာနိုင်ကြောင်း ရေတွက်ပါ၊ ၎င်းကဲ့သို့ *the* – ဤသို့လုပ်ခြင်းသည် အသုံးများသည့် စကားလုံးများကို မှတ်မိအောင် သူတို့အား အထောက်အကူပြုသည်။

ကလေးများသည် နှုန်းထားအမျိုးမျိုးဖြင့် တိုးတက်ကြကြောင်း မှတ်ထားရန် အရေးကြီးပါသည်။ စိတ်ရှည်ရှည်ထားပါ၊ အကောင်းမြင်ပြီး အထောက်အပံ့ပေးပါ၊ ၎င်းပြင် သူတို့ အဖြေမှားကို ရလျှင်ပင် ကြိုးစားလုပ်သည့် အတွက် သူတို့အား ချီးမွမ်းရန် သေချာစေပါ။



© Department of Education, Western Australia, 2015